ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

စာအမှတ်၊ မနသ/စီမံ-၃၁(တိုး/ပြောင်း)/၂၀၂၀(၁၃၉၂ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၄ )ရက်

အကြောင်းအရာ။ **သင်ကြားရေးဝန်ထမ်းများ၏ ရာထူးတိုးမြှင့်/ပြောင်းရွှေ့ခန့်ထားနိုင်ရေးအတွက် အဆိုပြုလွှာများ ပေးပို့ရန်ကိစ္စ။**

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ရှိ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာစာ၊ ရုရှား၊ ၊ ထိုင်း၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာနှင့် ဘာသာဗေဒ ဘာသာရပ်ဌာနများတွင် သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသော မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ရာထူးတိုးမြှင့်လျှောက်ထားလိုသူ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြများနှင့် ပြောင်းရွှေ့လျှောက်ထားလိုသူ (အဆင့်မြင့်ပညာဦးစီးဌာနက သတ်မှတ်ထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအလိုက် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် နှစ်သတ်မှတ်ချက် အသားတင်ကာလပြည့်မီသူ) ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လ/ထကထိက၊ နည်းပြများသည် သက်ဆိုင်ရာ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများမှတစ်ဆင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ အထောက်အထားများပြည့်စုံစွာဖြင့် (၁၂-၁၀-၂၀၂၀)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူးအမည်နှင့် လစာနှုန်း(ကျပ်) | အရည်အချင်းသတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|
| ၁ | ပါမောက္ခ<br>(၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀) | (က) ပါရဂူဘွဲ့ရပြီး 1st Author (၂)စောင် ထုတ်ဝေထားသူ သို့မဟုတ် ပါရဂူဘွဲ့သင်တန်းကို ပြည်တွင်း၌ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ဘာသာရပ်များအတွက် ပါရဂူဘွဲ့မရှိပါကလည်း 1st Author (၅) စောင်ထုတ်ဝေထားသူ<br>(ခ) တွဲဖက်ပါမောက္ခရာထူးတွင် အသားတင်လုပ်သက် (၁)နှစ်ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်းမဟုတ်သူ | |
| ၂ | တွဲဖက်ပါမောက္ခ<br>(၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀) | (က) ပါရဂူဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မဟာဘွဲ့ရရှိပြီး 1st Author (၂) စောင် (သို့မဟုတ်) 1st Author (၁) စောင်+ Co Author (၁)စောင် စုစုပေါင်း သုတေသနစာတမ်း (၂)စောင် ထုတ်ဝေထားသူ<br>(ခ) ကထိကရာထူးတွင် အသားတင်လုပ်သက် (၃)နှစ် ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်းမဟုတ်သူ | |

| စဉ် | ရာထူးအမည်နှင့် လစာနှုန်း(ကျပ်) | အရည်အချင်းသတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|
| ၃ | ကထိက (၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀) | (က) အနည်းဆုံးမဟာဘွဲ့ရရှိပြီးသူ<br>(ခ) လက်ထောက်ကထိကရာထူးတွင် အသားတင် လုပ်သက် (၃)နှစ်ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်းမဟုတ်သူ | |
| ၄ | လက်ထောက်ကထိက (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) | (က) အနည်းဆုံးမဟာဘွဲ့ရရှိပြီးသူ<br>(ခ) နည်းပြရာထူးတွင် အသားတင်လုပ်သက် (၃)နှစ် ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်းမဟုတ်သူ | အသေးစိတ် အစီအစဉ်ကို ထပ်မံအကြောင်း ကြားပေးပါမည်။ |

၂။ အဆိုပြုလျှောက်ထားသူများ၏ အောက်ပါစာရွက်စာတမ်းများ(၂)စုံစီကို သက်ဆိုင်ရာအဖွဲ့က စာရွက်စာတမ်းမူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး၊ ပါမောက္ခ/ ဌာနမှူး နှင့် ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးတို့က အတည်ပြုလက်မှတ်ရေးထိုး၍ ပူးတွဲပေးပို့ရပါမည်-

(က) ရာထူးတိုးမြှင့်ခန့်ထားရန်အဆိုပြုလွှာ သို့မဟုတ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် လျှောက်ထားသူများဖြည့်စွက်ရန်ပုံစံ

(ခ) လုပ်သက်အတွက်အမှတ်တွက်ပုံစံ**(၃၁-၁၂-၂၀၂၀ထိ တွက်ချက်ရန်)**

(ဂ) ဝဖ အကဲဖြတ်မှတ်တမ်း

(ဃ) ၃၀-၆-၂၀၂၀ထိထုတ်ဝေထားသော သုတေသနစာတမ်းများ၏ အထောက်အထား မိတ္တူမှန်များ(သုတေသနအမျိုးအစားများမှာ တက္ကသိုလ်အလိုက် ထုတ်ဝေသော University Research Journal, အဆင့်မြင့်ပညာဦးစီးဌာနမှ ထုတ်ဝေသော Universities Research Journal, မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့မှ ထုတ်ဝေသော Myanmar Academy of Arts and Science (MAAS), မြန်မာနိုင်ငံ တက္ကသိုလ်များသုတေသနညီလာခံမှ ထုတ်ဝေသော Conference Proceeding များတွင် ပါဝင်ရေးသားခြင်း (MURC), Myanmar Academy of Technology မှ ထုတ်ဝေသော သုတေသနဂျာနယ်များ၊ ပြည်ပပညာရှင်များ ပါဝင်၍ ပြည်တွင်း/ပြည်ပတွင် ပြုလုပ်သော Conference များမှ ထုတ်ဝေသော Local Proceedings များတွင် ပါဝင်ရေးသားခြင်း၊ နိုင်ငံတကာစာတမ်းများ International Publications ဖြစ်သည်။)

(င) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်အထောက်အထားမိတ္တူမှန်များ

(စ) (၃၆)ချက်ကိုယ်ရေးမှတ်တမ်း

(ဆ) ရာထူးတိုးရန် အဆိုပြုတင်ပြထားသူတစ်ဦးချင်းအတွက် သက်ဆိုင်ရာပါမောက္ခ/ ဌာနမှူးနှင့် ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးတို့ကစိစစ်ချက်ပုံစံ

(ဇ) ရာထူးတိုးမြှင့်အဆိုပြု တင်ပြခြင်းအတွက် ပြစ်ဒဏ်ကာလအတွင်းမဟုတ်ကြောင်း ခံဝန်ချက်နှင့် စိစစ်တင်ပြချက်

၃။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီးတင်သွင်းသည့် လျှောက်လွှာများနှင့် အချက်အလက်ပြည့်စုံ မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ သက်ဆိုင်ရာတက္ကသိုလ်အလိုက် စုစည်းစိစစ်လျက် လျှောက်လွှာနှင့် ပူးတွဲပေးရမည့် အထောက်အထားစာရွက်စာတမ်းများအားလုံးကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၅။ သတ်မှတ်လျှောက်လွှာပုံစံများ ပူးတွဲပေးပို့ပါသည်။

// 24.9.2020

ဒေါက်တာတင့်တင့်
ပါမောက္ခချုပ်
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

------------------------------------- တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်

မိတ္တူကို -

၁။ ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်
၂။ ပါမောက္ခချုပ်ရုံး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
၃။ ပါမောက္ခ/ဌာနမှူးများအားလုံး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
၄။ ရုံးလက်ခံ
၅။ မျှောစာတွဲ